## မကြာခဏ မေးတတ်သော မေးခွန်းများ (FAQs) – လူမှုအသိုင်းအဝိုင်းအတွက်

**ဆက်သွယ်ရေးကတ်ပြား (contact card) ဆိုသည်မှာ အဘယ်နည်း။**
ဆက်သွယ်ရေးကတ်ပြား (contact card) သည် အရင်းအမြစ်အသစ်တစ်ခုဖြစ်ပြီး ရဲနှင့်အကာအကွယ်ပေးဝန်ဆောင်မှု အရာရှိများ အနေဖြင့် လူမှုအသိုင်းအဝိုင်းဝင်လူများအား မိမိတို့၏ အသေးစိတ်အချက်အလက်များနှင့်တကွ အထောက်အကူပြု ဝန်ဆောင်မှုများနှင့်ပတ်သက်သည့်အချက်အလက်များ ပေးအပ်ရန်အတွက် အသုံးပြုနိုင်ပါသည်။

**ကတ်ပြား၌ မည်သည့်အချက်အလက်များ ပါရှိပါသနည်း။**

- ရဲ သို့မဟုတ် အကာအကွယ်ပေးဝန်ဆောင်မှု အရာရှိ၏ အမည်၊ အလုပ်နေရာ၊ ရက်စွဲနှင့်အချိန်
- ပြစ်မှုကျူးလွန်ခံရသူများအတွက် အကူအညီဖုန်းလိုင်း၊ ဘာသာပြန်နှင့်စကားပြန် ဝန်ဆောင်မှုများကို မည်သို့ရယူရန်
- သင် လက်ခံရရှိသည့် ဝန်ဆောင်မှုနှင့်ပတ်သက်၍ ချီးမွမ်းလွှာ သို့မဟုတ် မကျေနပ်ချက် ကိုမည်သို့ပေးပို့ရန် တို့ဖြစ်သည်။

**ဆက်သွယ်ရေးကတ်ပြား (contact card) ကို ကျွန်ုပ် မည်သည့်အခြေအနေမျိုး၌ ရနိုင်ပါသလဲ။**
ရဲနှင့် အကာအကွယ်ပေးဝန်ဆောင်မှု အရာရှိများသည် သင် မည်သူနှင့်စကားပြောခဲ့ကြောင်း၊ မည်သည့်အချိန်၌ ဖြစ်ကြောင်းနှင့် မည်သည့်ကိစ္စနှင့်ဆက်နွယ်ကြောင်းတို့နှင့်ပတ်သက်သည့် အချက်အလက်များကို သင့်အား ပေးအပ်ရန်အတွက် ကတ်ပြားကို အသုံးပြုနိုင်ပါသည်။ ၎င်းတွင် နောက်ထပ် စုံစမ်းမှုများ သို့မဟုတ် သင့်အား မည်သည့်အထောက်အပံ့တို့ဖြင့် ပံ့ပိုးပေးမည့် အချက်အလက်များလည်း ပါဝင်နိုင်ပါသည်။ ဥပမာ- သင်သည် ပြစ်မှုတစ်ခုတွင် သက်သေတစ်ဦး သို့မဟုတ် ကျူးလွန်ခံရသူတစ်ဦး ဖြစ်နိုင်ပြီး နောင်တစ်ချိန်၌ အဖြစ်အပျက်နှင့် ပတ်သက်သည့် ထပ်ဆင့်အသေးစိတ်အကြောင်းကို ရဲ သို့မဟုတ် အကာအကွယ်ပေးဝန်ဆောင်မှု အရာရှိထံ ပေးရန်လိုအပ်နိုင်သည်။

**ရဲ သို့မဟုတ် အကာအကွယ်ပေးဝန်ဆောင်မှု အရာရှိများထံမှ သူတို့၏ ဆက်သွယ်ရေး အသေးစိတ် အချက်အလက်များကို မည်သည့်အခြေအနေမျိုး၌ တောင်းခံနိုင်ပါသလဲ။**
အကယ်၍ ရဲ သို့မဟုတ် အကာအကွယ်ပေး ဝန်ဆောင်မှု အရာရှိက သင့် အမည်နှင့် လိပ်စာကို မေးလျှင် သင့်အနေဖြင့် သူတို့၏ အသေးစိတ်အချက်အလက်များကိုလည်း မေးပိုင်ခွင့်ရှိသည်။ သင်သည် သူတို့၏ အမည်၊ ရာထူးအဆင့်နှင့် အလုပ်လုပ်သည့်ရဲစခန်းတို့ကို မေးနိုင်သည်။ သင်သည် ဤအသေးစိတ်အချက်အလက်များကို စာဖြင့်ရေးသား၍ တောင်းဆိုနိုင်သည်။ အခြေအနေပေါ်မူတည်၍ ရဲသည် သူတို့၏ အသေးစိတ်အချက်အလက်များကို ရေးပေးရန် ဆက်သွယ်ရေးကတ်ပြားကို သုံးနိုင်သည်။ ရဲနှင့်စကားပြောဆိုခြင်းနှင့်ပတ်သက်သည့် ပိုမိုသိရှိလိုသော အချက်အလက်များအတွက် ကျေးဇူးပြု၍ ကြည့်ရှုရန်-
https://www.legalaid.vic.gov.au/sites/www.legalaid.vic.gov.au/files/vla-resource-police-powers-your-rights-in-victoria.pdf

**အကယ်၍ ကျွန်ုပ် ဆက်သွယ်ရေး ကတ်ပြား (contact card) ကို လက်ခံရရှိလျှင် ကျွန်ုပ် ဘာလုပ်သင့်သနည်း။**
ဆက်သွယ်ရေး ကတ်ပြား (contact card) သည် သင်နှင့် ဗစ်တိုးရီးယား ရဲအဖွဲ့ အပြန်အလှန် ဆက်ဆံသည့် မှတ်တမ်းတစ်ခုဖြစ်သည်။ ၎င်းသည် ဥပဒေဆိုင်ရာ စာရွက်စာတမ်းတစ်ခု မဟုတ်ပါ၊ သင့်အနေဖြင့် သိမ်းဆည်းထားရန် မလိုအပ်ပါ။

**ဗစ်တိုးရီးယား ရဲအဖွဲ့သည် အဘယ်ကြောင့် ဆက်သွယ်ရေး ကတ်ပြားကို တင်ဆက်နေရပါသနည်း။**

ဗစ်တိုးရီးယားရဲအဖွဲ့သည် ပွင့်လင်းပြီး တာဝန်ယူသည့် ရဲလုပ်ငန်းဆောင်ရွက်ရန် မိမိ၏ တာဝန် အစိတ်အပိုင်း တစ်ရပ်အဖြစ် ဆက်သွယ်ရေး ကတ်ပြား (contact card) ကို တင်ဆက်ပေးနေပါသည်။ ကတ်ပြားသည် ရဲနှင့်အကာအကွယ်ပေးဝန်ဆောင်မှု အရာရှိများအတွက် လူမှုအသိုင်းအဝိုင်းဝင်လူများအနေဖြင့် ရဲနှင့်ပြောဆိုမှုမှတ်တမ်းအဖြစ်၊ ဝန်ဆောင်မှုများကို ရယူရန်ပံ့ပိုးပေးမှုအဖြစ်၊ ထပ်ဆင့်စုံစမ်းမှုများလုပ်ရန် သို့မဟုတ် ရဲအား အချက်အလက်များ ပေးအပ်ရန်တို့အတွက် ပိုမို၍ အတတ်ပညာဆိုင်ရာ အရင်းအမြစ်တစ်ခုဖြစ်စေပါသည်။

**ဆက်သွယ်ရေး ကတ်ပြား (contact card) တည်ထောင်ရန် မည်သည့် တိုင်ပင်ဆွေးနွေးမှုကို လုပ်ခဲ့ပါသလဲ။**

ရဲနှင့်အများပြည်သူတို့အကြား အပြန်လှန်ဆက်ဆံရေးကို မည်ကဲ့သို့ တိုးမြှင့်ပေးမည်ကို နားလည်စေရန်အတွက် ဗစ်တိုးရီးယားရဲအဖွဲ့သည် လူမှုအသိုင်းအဝိုင်း လုပ်ငန်းလုပ်ကိုင်သူများ၊ ရဲအရာရှိများနှင့် အကာအကွယ်ပေး ဝန်ဆောင်မှု အရာရှိများတို့နှင့်စကားပြောဆိုခဲ့ပါသည်။ ဤလုပ်ငန်းလုပ်ကိုင်သူများသည် ကတ်ပြားတွင် မည်သည့် အချက်အလက်များပါဝင်ရန်၊ ဒီဇိုင်းပုံသဏ္ဍာန်နှင့် လူမှုအသိုင်းအဝိုင်းအတွင်း အသိရှိမှုကိုမြှင့်တင်ပေးရန်တို့ကို ကူညီစဉ်းစားပေးကြပါသည်။